mgyoe.com

စိတ်ကူးချိုချို

# ကလေးများအတွက်
# လှုပ်ရှားသွားလာ
# ပုံပြအင်္ဂလိပ်စာ

ဦးဘိုသိန်း(စက်မှုတက္ကသိုလ်)

# TIMES 1000 ACTION WORDS



mgyoe.com

mgyoe.com

အင်္ဂလိပ်စာ စတင်သင်ယူကာစ
စာသင်သားကလေးများအတွက်
ဝေါဟာရဗဟုသုတကြွယ်ဝနိုင်စေရန်နှင့်
အလွယ်တကူပျော်ရွှင်စွာလေ့လာမှတ်သားနိုင်ရန်
စကားလုံးတိုင်းတွင် ပုံတစ်ပုံကျစီဖော်ပြ
စီစဉ်ထားသည့်အပြင်
ဤစာအုပ်ကိုလေ့လာရင်း
အင်္ဂလိပ်စကားပြောသဘောတရားနှင့်
အလေ့အကျင့်ကောင်းများကိုပါ
အလိုလိုရရှိလာစေနိုင်မည်ဖြစ်ပါသည်။



UBT0002
1,500.00 KS

mgyoe.com

တမူခွင့်ပြုချက်အမှတ် - ၂၄၂/၂၀၀၁(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၂၉/၂၀၀၁(၃)

ပုံနှိပ်သူ - ဦးထွန်းထွန်းဦး (အင်ကြင်းဦးပုံနှိပ်တိုက်)
ထုတ်ဝေသူ - ဦးထွန်းထွန်းဦး (နှင်းဦးလွင်စာပေ)
တန်ဖိုး - ၁၅၀၀
အုပ်ရေ - ၁၀၀၀
၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ

# Pronunciation Key

**Vowels**

| | | | |
|---|---|---|---|
| i: | as in | *bead* | [bi:d] |
| ɪ | as in | *bid* | [bɪd] |

Vowels represented by i (e.g. *baby* ['beɪbi], *pedestrian* [pə'desṭriən]) can be pronounced as i: or ɪ.

| | | | |
|---|---|---|---|
| ɛ | as in | *bed* | [bɛd] |
| æ | as in | *bad* | [bæd] |
| ɑ: | as in | *card* | [kɑ:d] |
| ʌ | as in | *bud* | [bʌd] |
| ɒ | as in | *body* | ['bɒdi] |
| ɔ: | as in | *board* | [bɔ:d] |
| ʊ | as in | *good* | [gʊd] |
| u: | as in | *food* | [fu:d] |

Vowels represented by u (e.g. *occupy* ['ɒkjupaɪ], *vacuum* ['vækjuəm]) can be pronounced as u: or ʊ.

| | | | |
|---|---|---|---|
| ɜ: | as in | *bird* | [bɜ:d] |
| ə | as in | *cupboard* | ['kʌbəd] |
| eɪ | as in | *paid* | [peɪd] |
| aɪ | as in | *died* | [daɪd] |
| ɔɪ | as in | *avoid* | [ə'vɔɪd] |
| aʊ | as in | *loud* | [laʊd] |
| əʊ | as in | *load* | [ləʊd] |
| ɪə | as in | *beard* | [bɪəd] |
| ɛə | as in | *cared* | [kɛəd] |
| ʊə | as in | *cured* | [kjʊəd] |

**Consonants**

| | | | |
|---|---|---|---|
| p | as in | *pin* | [pɪn] |
| | | *rip* | [rɪp] |
| b | as in | *bin* | [bɪn] |
| | | *rib* | [rɪb] |
| t | as in | *tin* | [tɪn] |
| | | *written* | ['rɪtn] |
| d | as in | *din* | [dɪn] |
| | | *rid* | [rɪd] |
| k | as in | *cane* | [keɪn] |
| | | *Rick* | [rɪk] |
| g | as in | *gain* | [geɪn] |
| | | *rig* | [rɪg] |
| tʃ | as in | *chin* | [tʃɪn] |
| | | *rich* | [rɪtʃ] |
| dʒ | as in | *gin* | [dʒɪn] |
| | | *ridge* | [rɪdʒ] |
| m | as in | *met* | [mɛt] |
| | | *ram* | [ræm] |
| n | as in | *net* | [nɛt] |
| | | *ran* | [ræn] |
| ŋ | as in | *rang* | [ræŋ] |
| f | as in | *fine* | [faɪn] |
| | | *life* | [laɪf] |
| v | as in | *vine* | [vaɪn] |
| | | *alive* | [ə'laɪv] |
| θ | as in | *thin* | [θɪn] |
| | | *breath* | [brɛθ] |
| ð | as in | *this* | [ðɪs] |
| | | *breathe* | [bri:ð] |
| s | as in | *sin* | [sɪn] |
| | | *rice* | [raɪs] |
| z | as in | *zoo* | [zu:] |
| | | *rise* | [raɪz] |
| ʃ | as in | *shin* | [ʃɪn] |
| | | *wish* | [wɪʃ] |
| ʒ | as in | *measure* | ['mɛʒə] |
| | | *vision* | ['vɪʒn] |
| h | as in | *head* | [hɛd] |
| l | as in | *let* | [lɛt] |
| | | *tell* | [tɛl] |
| r | as in | *red* | [rɛd] |
| w | as in | *wet* | [wɛt] |
| j | as in | *yet* | [jɛt] |

The mark ' shows that the following syllable is stressed, e.g. *finish* ['fɪnɪʃ], *arrive* [ə'raɪv].

mgyoe.com





တပေလက်ဆောင်

mgyoe.com

mgyoe.com

# စိတ်ကူးချိုချိုတိုက်ထုတ် စာသင်သားသုံးစာအုပ်များ

## အင်္ဂလိပ်စာလေ့လာသင်ကြားရေး

၁။ ကလေးတို့ပြောဖို့ အင်္ဂလိပ်စကား (ဦးဘိုသိန်း-စက်မှုတက္ကသိုလ်)
၂။ အလယ်တန်းစာသင်သားသုံး အင်္ဂလိပ်စာစီစာကုံး (ညွန့်ဝေမိုး)
၃။ ရော်ဘင်ဆင်ကရူးဆိုး (မြင့်စိုးလှိုင်)
၄။ ဉာဏ်ကောင်းသူတို့နှုတ်၌ပညာကိုတွေ့ရ၏ (မြင့်စိုးလှိုင်၊ ဇော်မောင်)
၅။ လူတိုင်းမှာ အလားအလာရှိတယ် (မြင့်စိုးလှိုင်၊ အော်ပီကျယ်)
၆။ ပုံပြင်ဝက်ပါ (မြင့်စိုးလှိုင်)
၇။ အင်္ဂလိပ်-မြန်မာ ပုံပြအဘိဓာန် (ဦးဘိုသိန်း-စက်မှုတက္ကသိုလ်)
ယခု
၈။ လှုပ်ရှားသွားလာ ပုံပြအင်္ဂလိပ်စာ (ဦးဘိုသိန်း-စက်မှုတက္ကသိုလ်)
ဆက်လက်၍
၉။ ကောင်းသောအကျင့် (ဦးဦးမွန်နှင့်ကာတွန်းဝလုံး)
၁၀။ အီစွပ်ပုံပြင်များ (ညီသစ်)

## မြန်မာစာစီစာကုံးများ

၁။ စိတ်ကူးလိပ်ပြာ (ဒေါ်နုကြည်-မဟာဝိဇ္ဇာ)
၂။ ၁၂လရာသီ
၃။ စကားပုံစာစီစာကုံးများ
၄။ ကမ္ဘာ့အထိမ်းအမှတ်စာစီစာကုံးများ
၅။ စာရည်မွန်စာစီစာကုံးများ

အထက်ပါစာအုပ်များကို ကျောင်းများ၊ သင်တန်းများအတွက် အုပ်(၃၀)အထက် ၂၀% လျော့၍လည်းကောင်း၊ အုပ်(၃၀)အောက် ၁၅% လျော့၍လည်းကောင်း၊ တစ်အုပ်ချင်းရောင်းဈေးအတိုင်း ငွေကြိုပို့ပါက မူရင်းတန်ဖိုးအတိုင်း စရိတ်ငြိမ်းအိမ်အရောက်လည်းကောင်း၊ ရောင်းချပေးပါမည်။

mgyoe.com

mgyoe.com

# Aa

## accept

Kathy accepts a gift from her father.



– လက်ခံယူသည်၊
ကေသီသည် သူမ၏ဖခင်ထံမှ လက် ဆောင်တစ်ခုကို လက်ခံယူသည်။

## act

Jimmy acted as a wolf in the school play.




– သရုပ်ဆောင်သည်၊
ဂျင်မီသည် ကျောင်းကပွဲပြဇာတ်တွင် ဝံပုလွေတစ်ကောင် အဖြစ် သရုပ်ဆောင်သည်။

## add

Mother is adding some milk to her coffee.



– ရောနှောသည်၊ (ပေါင်းထည့်သည်)
မေမေသည် သူမ၏ကော်ဖီထဲသို့ နို့ အနည်းငယ် ထည့်ရောနေသည်။



## answer

Helen is answering the telephone.

– ပြန်ပြောသည်၊ (ထူးသည်)
ဟယ်လင်သည် တယ်လီဖုန်းပြန် ပြောနေသည်။

## add up

Teacher asked me to add up these numbers.



– ပေါင်းလဒ်ရှာသည်၊
ဆရာသည် ဤကိန်းဂဏန်းများကို ကျွန်မအား ပေါင်းခိုင်းသည်။


mgyoe.com

mgyoe.com


## agree

Peter agreed to help me with my bags.




– သဘောတူသည်။
ပီတာသည် ကျွန်မ၏အိတ်များကို ကူသယ်ရန် သဘောတူသည်။

## admire

Jane's friends admire her beautiful new doll.



– ချီးမွမ်းသည်။
ဂျိန်း၏သူငယ်ချင်းများသည် သူမ၏လှပ သောကစားစရာ ခလေးအရုပ် အသစ်ကလေးကို ချီးမွမ်းကြသည်။

## awake


The alarm clock awoke me from sleep.



– နှိုးသည်။
စားပွဲတင်နှိုးစက်နာရီသည် ကျွန်တော့်ကို အိပ်ပျော်ရာမှ နိုးစေသည်။

## attend

We are attending Jone`s birthday party.




– တက်ရောက်သည်။
ကျွန်ုပ်တို့သည် ဂျိန်း၏ မွေးနေ့ဧည့်ခံပွဲသို့ တက်ရောက်နေကြသည်။



mgyoe.com

## ache

Willy's stomach aches because he ate too much.



– နာကျင်ကိုက်ခဲသည်။
အလွန်အကျွံစားသောကြောင့် ဝီလီဗိုက် နာသည်။

## advice

The policeman advised us to cross the road cafefully.



– အကြံပေးသည်။
ရဲသားသည် ကျွန်ုပ်တို့ကို သတိရှိစွာ လမ်းဖြတ်ကူးရန် အကြံပေးသည်။

## arrive

We arrived at the station too late. The train had left without us.



– ရောက်ရှိသည်း
ကျွန်ုပ်တို့သည် ဘူတာရုံသို့ အလွန်နောက်ကျစွာ ရောက်ရှိခဲ့ကြသည်။
ရထားသည် ကျွန်ုပ်တို့မပါဘဲ ထွက်ခွာ သွားခဲ့ပြီ။



mgyoe.com

mgyoe.com




## arrange

Father is arranging the bags on the shelf.



– နေထားတကျစီစဉ်သည်။
အဖေသည် အိတ်များကို စင်ပေါ်တွင် နေထားတကျစီစဉ်နေသည်။



## announce

The station master announces the arrival of the train.

– ကြေညာသည်။
ဘူတာရုံပိုင်သည် ရထားရောက်ရှိလာခြင်း ကို ကြေညာသည်။



## aim

Andy aims carefully at the apple.



– ချိန်ရွယ်သည်။
အင်ဒီသည် ပန်းသီးကို ဂရုတစိုက်ချိန်ရွယ်သည်။



mgyoe.com



## amuse

The clown amused us with his tricks.

– ရယ်စမောရွှင်ပြုံးစေသည်။
လူရွှင်တော်သည် သူ၏လက်လှည့်မျက် လှည့်ပြကွက်များဖြင့် ကျွန်ုပ်တို့ကို ရယ် မောရွှင်ပြုံးစေသည်။

## allow

Dogs are not allowed in this station.



– ခွင့်ပြုသည်။
ဤဘူတာရုံလေးအတွင်း ခွေးများဝင်ခွင့် မပြုပါ။

## attack

The fierce dog attacked the burglar.



– တိုက်ခိုက်သည်။
ရန်မူတိုက်ခိုက်တတ်သော ခွေးသည် ဖေါက်ထွင်း သူခိုးကို တိုက်ခိုက်သည်။

mgyoe.com

mgyoe.com



### ask
I asked mother for another slice of cake.

### annoy
Kathy is annoyed at her brother for spilling coffee over her favourite dress.



– တောင်းဆိုသည်။
ကျွန်တော်သည် အမေ့ကို ကိတ်မုန့်နောက် တစ်ချပ် တောင်းသည်။

– စိတ်ဆိုးဒေါသဖြစ်သည်။
သူမအကြိုက်ဆုံး ဂါဝန်အပေါ် ကော်ဖီ ဖိတ်ကျသောကြောင့် သူ့မောင်ကို ကေသီ စိတ်ဆိုးဒေါသဖြစ်သည်။

# Bb

### bark
The dogs are barking loudly at the cat.

### bleed
Jimmy's arm is bleeding.





– သွေးထွက်သည်။
ဂျင်မီ၏လက်မောင်းသည် သွေးထွက်နေသည်။


– ဟောင်သည်။
ခွေးများသည် ကြောင်ကိုကျယ်လောင်စွာ ဟောင်နေကြသည်။



mgyoe.com

## balance

Andy is balancing a ball on his forehead.



– ငြိမ်အောင်ထားသည်။
အင်ဒီသည် ဘောလုံးတစ်လုံးကို သူ့နဖူး ပေါ်တွင် ငြိမ်အောင်ထားနေသည်။

## bandage

The nurse is bandaging Jimmy's arm.



– ပတ်တီးစည်းသည်။
သူနာပြုဆရာမသည် ဂျင်မီ၏လက်မောင်းကို ပတ်တီး စည်းပေးနေသည်။

## bake

Mother is baking a cake for Kathy's birthday.



– ဖုတ်သည်။
မေမေသည် ကေသီ၏မွေးနေ့အတွက် ကိတ်မုန့်တစ်လုံး ဖုတ်နေသည်။

## bath

Mother baths the baby in warm water.



– ရေချိုးပေးသည်။
မေမေသည် ကလေးငယ်ကို ရေနွေးဖြင့် ရေချိုးပေးသည်။



mgyoe.com

mgyoe.com

## beat

Mandy is beating an egg.



– မွှေသည်၊ ခေါက်သည်၊
မန်ဒီသည် ကြက်ဥတစ်လုံးကို ခေါက် နေသည်၊

Jimmy is beating the drum.



တီးခတ် သည်၊
ဂျင်မီသည် ဗုံတီးနေသည်၊


Helen beats Willy in the race.



အောင်နိုင်သည်၊
အပြေးပြိုင်ပွဲတွင် ဟယ်လင်က ဝီလီကို နိုင်သည်၊

## box

That big boy boxed Andy on the chin.



– လက်သီးထိုးသည်၊
ကိုထွားကျိုင်းကြီးသော သူငယ်လေးသည် အင်ဒီ မေးကို လက်သီးဖြင့်ထိုးသည်၊



## belong

This book belongs to me. It is mine.

– ပိုင်ဆိုင်သည်၊
ဒီစာအုပ်ကို ကျမပိုင်တယ်၊ ဒါကျမဟာပဲ၊

## barbecue

Father is barbecuing in the backyard.



– အသားကင်သည်၊
အဖေသည် အိမ်နောက်ဖေးဥယျာဉ်ထဲတွင် အသားကင်နေသည်၊


mgyoe.com

## beg


The clever dog begs for a bone.



– တောင်းသည်၊
လိမ္မာသောခွေးသည် အရိုး(တစ်ချောင်း) တောင်းသည်။

## bite


The dog is biting a bone.



– ကိုက်သည်။
ခွေးသည် အရိုးတစ်ချောင်းကို ကိုက်နေသည်။

## breathe

We breathe through our noses.



– အသက် ရှူသည်။
ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နှာခေါင်းများနှင့်အသက်ရှူကြသည်။

## bend

Willy is bending a stick.



– ကွေးညွတ်သည်၊ ကုန်းသည်၊
ဝီလီသည် တုတ်တစ်ချောင်းကို ကွေးညွတ် နေသည်၊

Benny bends down to pick a coin.



ဘင်နီသည် အကြွေစေ့တစ်စေ့ ကောက်ယူရန် ကုန်းလိုက်သည်၊



mgyoe.com

mgyoe.com




## blow

The wind is blowing through the trees.



– (လေ)တိုက်သည်၊ နှပ်ညှစ်သည်။
လေသည် သစ်ပင်များကို ဖြတ်တိုက်နေသည်။


Uncle Roy is blowing his nose.
He has a cold.



အန်ကယ်ရွိုင်းသည် (သူ့နှာခေါင်းကို) နှပ်ညှစ်နေသည်။

## blow up

Andy is blowing up a balloon.



– လေမှုတ်သွင်းသည်၊
ဟင်ဒီသည် ပူပေါင်းတစ်လုံး ကိုလေမှုတ်သွင်းနေသည်။

## blow out

Jane blows out the candles
on her birthday cake.



– လေမှုတ်၍ငြိမ်းစေသည်၊
ဂျိန်းသည် သူမ၏ မွေးနေ့ကိတ်မုန့်ပေါ်ရှိ
ဖယောင်းတိုင်မီးများကို လေနှင့်မှုတ်၍ ငြိမ်းစေသည်။



mgyoe.com

## block


The fal'en tree is blocking the road.



– ပိတ်ဆို့သည်။
လဲနေသော သစ်ပင်သည် လမ်းကိုပိတ်ဆို့နေသည်။

## blush


Linda blushed when Jimmy gave her a kiss.



– ရှက်သွေးဖြန်းသည်။
ဂျင်မီနမ်းသောအခါ လင်ဒါရှက်သွေးဖြန်းသွားသည်။

## boil


The water is boiling. Mother will switch the kettle off.



– ဆူသည်။
ရေဆူနေသည်။
အမေသည် ရေနွေးခရားကို ခလုတ်ပိတ်လိမ့်မည်။

## borrow

Helen is borrowing books from the library.



– ငှားယူသည်။
ဟယ်လင်သည် စာကြည့်တိုက်မှ စာအုပ်များကို ငှားနေသည်။



mgyoe.com

mgyoe.com


## bring

Mother is bringing us some food.



– ယူဆောင်လာသည်၊
မေမေသည် ကျွန်ုပ်တို့ထံသို့ စားစရာ
အချို့ သယ်ယူလာနေသည်။

## button

Helen is buttoning up her jacket.



– ကြယ်သီးတပ်သည်၊
ဟယ်လင်သည် သူမ၏အပေါ်အင်္ကျီကို
ကြယ်သီးတပ်နေသည်။

## bounce

Andy is bouncing a ball.



– ပြန်စုန်ထွက်သည်၊
အင်ဒီသည် ဘောလုံးကို ပုတ်ကစားနေသည်။

## break down

Father's car broke down on his way to work.



– (စက်) ပျက်သည်၊
အလုပ်သွားရာလမ်းတွင် အဖေ၏ကား စက်ပျက်သည်။




mgyoe.com

mgyoe.com


## bump


Willy bumped into
a street lamp



– ဆောင့်မိသည်၊ တိုက်မိသည်၊
ဝိလီသည် လမ်းမီးတိုင်ကို ဝင်တိုက်မိ သည်။

## brush

Jimmy is brushing his teeth.
Kathy is brushing her hair.



– ဝက်မှင်ဘီး၊ သွားပွတ်တံဖြင့် ပွတ် တိုက်သည်၊
ဂျင်မီသည် သူ၏သွားများကို(သွားပွတ် တံဖြင့်) တိုက်နေသည်။
ကေသီသည် သူမ၏ဆံပင်ကို (ဝက်မှင်ဘီး ဖြင့်) ဖီးနေသည်။

## buy

Mandy is buying some flowers.



– ဝယ်သည်၊
မန်ဒီသည် ပန်းတချို့ကို ဝယ်နေသည်။

## build

Peter is building a spaceship.



– ဆောက်လုပ်သည်၊ (တည်ဆောက် သည်)
ပီတာသည် အာကာသယာဉ်တစ်စီးကို
တည်ဆောက်နေသည်။



mgyoe.com

mgyoe.com



## bully

That big boy is bullying the little children.



– အနိုင်ကျင့်သည်။ စိုလ်ကျသည်။
ကိုယ်ထွားကျိုင်းကြီးသော သူငယ်လေးသည် ခလေးငယ်များကို အနိုင်ကျင့်နေသည်။

## bow


The magician is bowing to the audience.



– ဦးညွှတ်သည်။
မျက်လှည့်ဆရာသည် ပရိသတ်ကိုဦးညွှတ်နှုတ်ဆက်နေသည်။

## burst

The balloon burst with a loud bang.



– ပေါက်ကွဲသည်။
ပူပေါင်းသည် ဘောင်းကနဲ ကျယ်လောင်စွာပေါက်ကွဲသွားသည်။

## burn


Father is burning some leaves.



– မီးရှို့သည်။
ဖေဖေသည် သစ်ရွက်အချို့ကို မီးရှို့နေသည်။

## bury

The dog is burying a bone.



– ဝှက်သည်။
ခွေးသည် အရိုးတစ်ချောင်း ကိုဝှက်နေသည်။




mgyoe.com

mgyoe.com


# Cc

## camp

The scouts camped at the beach.



– စခန်းချသည်။
ကင်းထောက်လူငယ်များသည် ပင်လယ်ကမ်းခြေတွင် စခန်းချသည်။

## call for

Will called for help when he got into trouble while swimming.




– အကူအညီ အော်ခေါ်သည်။ (လိုအပ် သည်)
ရေကူးနေစဉ် ဒုက္ခရောက်သောအခါ ဝီလီ အကူအညီအော်ခေါ်သည်။

## call off

The teacher had to call off the picnic because it was raining.



– ရပ်ဆိုင်းသည်။ ဖျက်သိမ်းသည်။
မိုးရွာနေသောကြောင့် ဆရာသည် ပျော်ပွဲစားထွက်ခြင်းကို ဖျက်သိမ်းရသည်။

## catch up

The snail cannot catch up with the rabbit. He is too slow.



– မီလာသည်။ လိုက်မီသည်။
ပက်ကျိသည် ယုန်ကို လိုက်မမီပါ။ သူသည် အလွန်နှေးသည်။



mgyoe.com

mgyoe.com



## carry on

Grandmother let me carry on watching television although it was past my bedtime.



– ဆက်လုပ်သည်၊

ကျွန်တော်၏ အိပ်ချိန်လွန်ပြီဖြစ်သော်လည်း ဘွားဘွားသည် ကျွန်တော့်ကို တီဗီဆက်လက်ကြည့်ခွင့်ပြုသည်၊

## change

Willy changed out of his wet clothes into dry ones.



– လဲလှယ်သည်၊

ဝီလီသည် အဝတ်စိုကိုချွတ်၍ အဝတ်ခြောက်နှင့် လဲသည်၊

## call

Call the firemen to put out the fire.



– ခေါ်သည်၊

မီးသတ်ရန် မီးသတ်သမားများကိုခေါ်ပါ၊

## care

Simon cares for his pet rabbit. He feeds it and cleans its cage every day.



– ဂရုစိုက်သည်၊

ဆိုင်မွန်သည် သူ့အိမ်မွေးယုန်ကို ဂရုစိုက် သည်၊ သူသည် ၎င်းကို နေ့တိုင်းအစာကျွေး၍ ၎င်း၏လှောင်အိမ်ကို သန့်ရှင်းပေးသည်၊




mgyoe.com

mgyoe.com


## cause

Willy's sneeze caused the glass of water to fall over.



– ဖြစ်ပေါ်စေသည်။
ဝီလီ၏ နှာချေခြင်းသည် ရေဖန်ခွက်ကို လဲကျစေသည်။

## celebrate

Jane is celebrating her birthday by having a party.



– ဆင်ယင်ကျင်းပသည်။ အစေ်း အနား ကျင်းပသည်။
ဂျိန်းသည် သူမ၏မွေးနေ့ကို ညစ်ခံပွဲတစ်ခု ပြုလုပ်ခြင်းဖြင့် ဆင်ယင်ကျင်းပသည်။

## carry

Mother is carrying the baby.



– (ရှိသည်)သယ်ဆောင်သည်။
အမေသည် ကလေးငယ်ကို ချီနေသည်။

## catch

Jimmy held out both hands to catch the ball.




– ဖမ်းမိသည်။
ဂျင်မီသည် ဘောလုံးကို ဖမ်းမိရန်လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။



mgyoe.com

## choose

It is hard to choose which sweets to buy when they all look so nice.



– ရွေးချယ်သည်။
သကြားလုံး အားလုံးသည် အလွန်ကောင်း
ပုံပေါ်နေသောအခါ မည်သည့်သကြားလုံး
ဝယ်ရမည်ကို ရွေးရန်ခက်သည်။

## carve


Peter is carving a piece of wood into a boat.



– ထွင်းထုသည်။ ပန်းပုထုသည်။
ပီတာသည် သစ်သားတုံး(တစ်တုံး)ကို
လှေ(တစ်စင်း) ဖြစ်အောင်ထွင်းထုနေ သည်။

## chat

Kathy is chatting with her friends.



– စကားစမြည်ပြောသည်။
ကေသီသည် သူမ၏ သူငယ်ချင်းများနှင့်
စကားစမြည်ပြောနေသည်။

## circle

Helen is circling the right answer to the sum. $7 + 8 = ?$


(a) 5 (b) 10 (c) 15



– စက်ဝိုင်းဝိုင်းသည်။
ဟယ်လင်သည် ဂဏန်းသချာ်ပုစ္ဆာဖြင့် အဖြေမှန်ကို
စက်ဝိုင်းဝိုင်းနေသည်။

## chip

Andy dropped a plate and chipped it.



– ပဲ့သည်။
ဟင်ဒီ့လက်ထဲမှ ပန်းကန်ပြားတစ်ချပ် လွတ်ကျ၍ ပဲ့သွားသည်။




mgyoe.com

mgyoe.com


## chase

The dog chased the cat up a tree.



– လိုက်ဖမ်းသည်။
ခွေးသည် ကြောင်ကို သစ်ပင်ပေါ်တက် လိုက်သည်။

## check

Linda is counting her school books to check if she has them all.



– စစ်ဆေးသည်။
လင်ဒါသည် သူမမှာ စာအုပ်အားလုံးရှိမရှိ စစ်ဆေးရန် စာအုပ်များကို ရေတွက်နေသည်။

## check in

We checked in to the hotel at the start of our holiday.

– ဟိုတယ်သို့ စာရင်းပေး တည်းခိုသည်။
ကျွန်ုပ်တို့သည် အားလပ်ရက် အစတွင် ဟိုတယ်သို့ စာရင်းပေးတည်းခိုကြသည်။




## check out

We were sad to check out of the hotel at the end of our holiday.

– ဟိုတယ်မှ ကျသင့်သော အဖိုးအခ ပေး၍ ထွက်ခွာသည်။
ကျွန်ုပ်တို့သည် အားလပ်ရက် ကုန်ဆုံးချိန်တွင် ကျသင့်သော အဖိုးအခ ပေး၍ ဟိုတယ်မှ ထွက်ခွာရန် စိတ်မချမ်းမြေ့ ဖြစ်ကြသည်။

mgyoe.com

mgyoe.com


## cheat

Jimmy cheated at cards.



– လိမ်ညာလှည့်ဖြားသည်၊
ဂျင်မီ ဖဲလိမ်ရိုက်သည်၊

## chop

Uncle Roy chopped down the tree.



– ခုတ်ဖြတ်သည်၊
အန်ကယ်ရွိုင်းသည် သစ်ပင်ကို ခုတ်လှဲလိုက်သည်၊

## check up

We are going to see a movie tonight. Simon is checking up on the times of the shows.



– ဂရုစိုက်စစ်ဆေးသည်၊
ကျွန်ုပ်တို့သည် ယနေ့ညရုပ်ရှင် ကြည့်ကြမည်၊ ဆိုင်မွန်သည် ပွဲပြချိန်များကို ဂရုစိုက်စစ်ဆေးနေသည်၊

## cling

The baby koala clings tightly to his mother.



– ဖက်တွယ်သည်၊
ကိုအာလာ ဝက်ဝံပေါက်ကလေးသည် သူ့မိခင်ကို တင်းကျပ်စွာ ဖက်တွယ်ထားသည်၊

mgyoe.com

mgyoe.com


## cheer up


The cartoon show cheered up the children and made them laugh.




– ရွှင်လန်းလာစေသည်။
ကာတွန်းရုပ်ရှင်သည် ကလေးများကို ရွှင်လန်းစေပြီး ရယ်မောအောင်လုပ်သည်။

## cheer


The girls are cheering their team at the race.



– ဩဘာပေးသည်။
အပြေးပြိုင်ပွဲတွင် မိန်းကလေးများသည် သူတို့၏ အသင်းကို ဩဘာပေးနေကြသည်။

## charge


The rhinoceros charged at the fence.



– တစ်ဟုန်ထိုးတိုက်ခိုက်သည်။
ကြံ့သည် ခြံစည်းရိုးကို တစ်ဟုန်ထိုး တိုက်ခိုက်သည်။

## clap


When the show ended, the children clapped their hands.



– လက်ခုပ်တီးသည်။
ပွဲပြီးသောအခါ ကလေးများ လက်ခုပ်တီးကြသည်။

## chew

The dog is chewing a bone.



– ဝါးသည်။
ခွေးသည် အရိုးတစ်ချောင်းကို ဝါးနေသည်။



mgyoe.com

mgyoe.com



## clean


Father cleans the car on Sundays.



– သန့်ရှင်းအောင်လုပ်သည်။
တနင်္ဂနွေနေ့များတွင် အဖေသည် ကားကို သန့်ရှင်းအောင်လုပ်သည်။

## clean up


Mother told Jimmy to clean up his room.



– ရှင်းလင်းသုတ်သင်သည်။
အမေသည် ဂျင်မီကို သူ့အခန်းအား ရှင်းလင်းသုတ်သင်ရန် ပြောသည်။

## clear up

The children are clearing up the mess after the funfair.



– ရှင်းလင်းသပ်ရပ်အောင် လုပ်သည်။
ပျော်ပွဲရှင်ပွဲ ပြီးသည့်နောက်၌ ကလေးများသည် ညစ်ပတ်ရှုပ်ပွနေသည်များကို ရှင်း လင်းသပ်ရပ်အောင် လုပ်နေကြသည်။

## clear

I am clearing the desk so that I have room to do my homework.



– ရှင်းလင်းသည်။
(ကျွန်မသည်) အိမ်စာလုပ်ရန်အတွက် နေရာရဖို့ စာရေးစားပွဲကို ရှင်းလင်းနေသည်။




mgyoe.com

mgyoe.com

## clear away

Kathy helps father clear away the dishes after dinner.



– သိမ်းဆည်းရှင်းလင်းသည်၊ (စားပွဲ ရှင်းသည်)
ညစာစားပြီးနောက် ပန်းကန်များရှင်းလင်းရာတွင် ကေသီက ဖေဖေ့ကို ကူညီသည်။

## clear off

The thief cleared off when he saw a policeman coming.



– ထွက်သွားသည်၊
သူခိုးသည် ရဲသားလာနေသည်ကို မြင်သောအခါ ထွက်ခွာသွားသည်။

## clear out


Dad is clearing out the garage.



– ဖယ်ရှားရှင်းလင်းသည်၊
ဖေဖေသည် ကားဂိုဒေါင်ကို ဖယ်ရှားရှင်းလင်းနေသည်။

## cluck

A hen clucks loudly after it has laid on egg.



– ကြက်မ ကတော်သည်၊
ဥဥပြီးနောက် ကြက်မကျယ်လောင်စွာ ကတော်သည်။


mgyoe.com

mgyoe.com

## coil

Father coiled the garden hose after he had watered the plants.



– ရစ်ခွေသည်။
အဖေသည် အပင်များ ရေလောင်းပြီးနောက် ဥယျာဉ်ရေပက်သည့် ပိုက်ပျော့ကို ရစ်ခွေနေသည်။

## clip

Mandy is clipping the papers together so that they will not get lost.



– ကလစ်ဖြင့် ညှပ်သည်။
မန်ဒီသည် စာရွက်များ မပျောက်ပျက်စေရန် ၎င်းတို့ကို ကလစ်ဖြင့် ပူးပေါင်း၍ ညှပ်နေသည်။

## climb

The baby climbed up a chair.



– တက်သည်။
ကလေးငယ်သည် ကုလားထိုင်တစ်လုံးပေါ်
တက်သည်။

## close

Mother is closing the door.



– ပိတ်သည်။
အမေသည် တံခါးကို ပိတ်နေသည်။



mgyoe.com

mgyoe.com


## collect

Peter collects stams from around the world.



– စုဆောင်းသည်။
ပီတာသည် ကမ္ဘာအနှံ့မှ တံဆိပ်ခေါင်းများကို စုဆောင်းသည်။

## collapse

The tent collapsed in the strong wind.



– ပြိုလဲသည်။
တဲသည် လေပြင်းတွင် ပြိုလဲသွားသည်။

## comb

Jane is combing her long hair.



– ဖြီးသည်။
ဂျိန်းသည် သူမ၏ရှည်လျားသော ဆံပင်ကို ဖြီးနေသည်။

## coach

Mr Thomson coaches the soccer team.
He shows them how to kick the ball.



– သင်ကြားလေ့ကျင့်ပေးသည်။
မစ္စတာသွန်မဆင်သည် ဘောလုံးအသင်းကို သင်ကြားလေ့ကျင့်ပေးသည်။ (နည်းပြ ပေးသည်)
သူသည် ဘောလုံးမည်သို့ ကန်ရမည်ကို သူတို့အား ပြသသည်။


mgyoe.com

## colour

Andy is colouring a picture of a lion.



– ဆေးရောင်ခြယ်သည်၊
အင်ဒီသည် ခြင်္သေ့တစ်ကောင်ပုံကို ဆေးရောင်ခြယ်နေသည်။

## complain


Kathy complained to mother that Andy had torn her book.



– တိုင်တန်းသည်။
သူမ၏စာအုပ်ကို အင်ဒီဆုတ်ဖြဲပစ်ကြောင်း ကေသီက အမေကို တိုင်တန်းသည်။

## come off


A button come off Kathy's coat.



– ပြုတ်ထွက်သည်၊ ကျွတ်သည်။
ကြယ်သီးတစ်လုံး ကေသီ၏ကုတ်အင်္ကျီမှ ပြုတ်ထွက်သွားသည်။

## congratulate


Everyone congratulated the winner.



– ချီးကျူးသည်၊
အောင်နိုင်သူကို လူတိုင်းက ချီးကျူးကြသည်။

## confuse

The signs confused the driver.



– ဝေခွဲမရဖြစ်စေသည်၊ ခေါင်းရှုပ် စေသည်၊
လမ်းညွှန်သင်္ကေတဆိုင်းဘုတ်များသည် ဒရိုင်ဘာကို ဝေခွဲမရ ဖြစ်စေသည်။



mgyoe.com

## collide

The car collided with a van.




– တိုက်မိသည်။
ကားသည် ကုန်တင်အလုံပိတ်ယာဉ်တစ် စင်းနှင့် တိုက်မိသည်။

## compare

Benny is tall compared with Helen.



– နှိုင်းယှဉ်သည်။
အင်နီသည် ဟယ်လင်နှင့် နှိုင်းယှဉ်လျှင် အရပ်ရှည်သည်။

## come on

The magician came on the stage wearing a long black cape.



– ထွက်လာသည်။
မျက်လှည့်ဆရာသည် ရှည်လျားသော ဝတ်ရုံနက်ကို ဝတ်ဆင်လျှက် စင်ပေါ်တွင် ထွက်လာသည်။

## come

Come with me. I'll show you the way.




– လာသည်။
ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါ။ ကျွန်တော်လမ်းပြမယ်။



mgyoe.com

## come out

The moon and star come out at night.



– ထွက်ပေါ်လာသည်။
လနှင့်ကြယ်သည် ညအခါ၌ ထွက်ပေါ်လာသည်။

## come apart

The shirt was too small and come apart at the seam when Willy put it on.



– အစိတ်စိတ်အမွှာမွှာကွဲထွက်သည်။
ရှပ်အင်္ကျီသည် ဝီလီဝတ်လိုက်သောအခါမှ ချုပ်ရိုးကွဲထွက်သွားသည်။

## come across


Andy came across a gold chain while looking for his lost marble.



– မမျှော်လင့်ဘဲ တွေ့သည်။
အင်ဒီသည် ပျောက်နေသော ဂေါ်လီလုံးကို ရှာဖွေနေစဉ် ရွှေဆွဲကြိုးတစ်ကုံးကို မမျှော်လင့်ဘဲ တွေ့သည်။

## come back

Boomerangs always come back when thrown.




– ပြန်လာသည်။
ဩစတြေးလျလူမျိုးများသုံးသော သင်မာသား တုတ်ကောက်လက်နက်များသည် ပစ်လိုက်သောအခါ မူလနေရာသို့ အမြဲတမ်းပြန်လာသည်။

mgyoe.com

mgyoe.com


## connect

Uncle Roy connected the aerial to the television.



– ဆက်သွယ်သည်၊
အန်ကယ်ရွိုင်းသည် တီဗီကို ရေဒီယာတိုင်နှင့်ဆက်သွယ်နေသည်။

## consist

This gift set consists of two storybooks and two tapes.



– ပါဝင်သည်။
ဤလက်ဆောင်ပစ္စည်း အစုံထဲတွင် ပုံပြင်စာအုပ်(၂)အုပ်နှင့် တိပ်ခွေ(၂)ခွေ ပါဝင်သည်။

## consider

Mother and father are considering what to get for Kathy for her birthday.




– စဉ်းစားသည်။
ဖေဖေနဲ့ မေမေဟာ ကေသီမွေးနေ့အတွက် ဘာဝယ်ပေးရမလဲဆိုတာ စဉ်းစားနေကြတယ်။

## construct

Peter constructed a spaceship from clothes pegs.



– ဆောက်လုပ်သည်၊ တည်ဆောက် သည်၊
ပီတာသည် အာကာသယာဉ် တစ်စင်းကို အဝတ်ညှပ်ကလစ်များဖြင့် တည်ဆောက်သည်။



mgyoe.com

mgyoe.com


## continue


"Mother, don't stop now.
Please continue reading the story,"
the children asked.



– ဆက်လက်ပြုလုပ်သည်။
"မေမေ အခုမရပ်လိုက်ပါနဲ့၊ ကျေးဇူးပြုပြီး ပုံပြင်ကို ဆက်ဖတ်ပါ"ဟု ကလေးများက တောင်းဆိုသည်။

## control


Andy controls the robot by remote control.



– ထိန်းချုပ်သည်။
ဟင်ဒီသည် စက်ရုပ်ကို အဝေးထိန်းကရိယာဖြင့် ထိန်းချုပ်သည်။

## contain

This bottle contains ink.



– ရှိသည်။
ဤပုလင်းတွင် မင်ရှိသည်။

## cook

Mother cooked a delicious roast chicken.



– ချက်ပြုတ်သည်။
အမေသည် အလွန်အရသာရှိသော ကြက်ကင် တစ်ကောင်ကင်သည်။

mgyoe.com

mgyoe.com

## cool


Mandy is cooling her feet in the stream.



– အအေးခံသည်။
မန်ဒီသည် သူမ၏ခြေထောက်များကို စမ်းချောင်းထဲနှစ်၍ အအေးခံသည်။

## cool down

The porridge was hot, so the three bears left it to cool down.



– အအေးခံသည်။ (ပို၍အေးလာစေ သည်)
အုတ်ဂျုံယာဂုသည် ပူသည်။ ထို့ကြောင့်ဝက်ဝံ (၃)ကောင်သည် ယာဂုကို အအေးခံထားသည်။

## cool off


The children felt hot, so they jumped into the water to cool off.



–(ပူပြီးနောက် သာမန်အပူချိန်သို့ ပြန်ရောက်စေသည်) အအေးခံသည်။
ကလေးများ ပူအိုက်နေကြသည်။ ထို့ကြောင့် အေးစေရန် ရေထဲသို့ ခုန်ချကြ သည်။

## copy

Linda copied the sums from the blackboard.




– ကူးသည်။
လင်ဒါသည် သင်ပုန်းမှ ဂဏန်းသင်္ချာပုစ္ဆာများကို ကူးယူသည်။

mgyoe.com

mgyoe.com


## count

The rich man is counting his money.



– ရေတွက်သည်။

လူချမ်းသာသည် သူ၏ငွေများကို ရေတွက်နေသည်။

## cough

Willy coughed because he had a sore throat.



– ချောင်းဆိုးသည်။

ဝီလီသည် လည်ချောင်း နာနေသောကြောင့် ချောင်းဆိုးသည်။

## contribute

The children contributed some money to buy a present for their mother.



– (ငွေကြေးအကူအညီ ထည့်ဝင်သည်) ပါဝင်သည်။

ကလေးများသည် (သူတို့) အမေအတွက် လက်ဆောင်တစ်ခုဝယ်ရန် ငွေအချို့ကို ဝိုင်းထည့်ကြသည်။

## cover




Kathy covered her face with her hands.

– ဖုံးကွယ်သည်၊ ဖုံးအုပ်သည်၊

ကေသီသည် (သူမ၏) မျက်နှာကို (သူမ၏) လက်များဖြင့် ဖုံးအုပ်သည်။

## cost

This hamburger costs \$1.30.



– အဖိုးအစကျသင့်သည်။

ဤဟမ်ဘာဂါသည် ဒေါ်လာ(၁. ၃၀)ကျသင့်သည်။



mgyoe.com

mgyoe.com


## cover up


Andy covered up the ink stain so his mother would not see it.




– ကွယ်ဝှက်သည်။
အင်ဒီသည် မင်စွန်းကို ကွယ်ဝှက်ထားသည်။
ထို့ကြောင့် သူ့အမေမြင်လိမ့်မည် မဟုတ်ပါ။

## crash

The car crashed into the wall.



– အရှိန်ပြင်းစွာ ဝင်တိုက်သည်။
ကားသည် နံရံကို အရှိန်ပြင်းစွာ ဝင်တိုက်သည်။




## crawl

The baby is crawling across the room.

– တွားသွားသည်၊ ဝမ်းလျှားထိုးသွား သည်။
ကလေးငယ်သည် အခန်းကို ဝမ်းလျှားထိုး ဖြတ်သွားသည်။

## crack

The vase cracked when it was dropped



– ကွဲအက်သည်၊
ပန်းအိုးသည် လိမ့်ကျသောအခါ ကွဲအက်သွားသည်

## croak

The frogs are croaking a song.



– ဖားအော်သည်။
ဖားများ သီချင်းဆိုနေကြသည်၊



mgyoe.com

mgyoe.com


## create

The magician created a monster with his spells.



– ဖန်ဆင်းသည်၊
မှော်ဆရာသည် သူ၏ဂါထာမန္တရားဖြင့် ကြောက်စရာ သတ္တဝါတစ်ကောင် ဖန်ဆင်းသည်၊

## creep

Jimmy crept up behind Linda to frighten her.



– ချွတ်နင်းသွားသည်၊
ဂျင်မီသည် လင်ဒါကို ခြောက်လှန့်ရန် သူမ
နောက်ဘက်သို့ ချွတ်နင်းချဉ်းကပ်သွားသည်၊
(မသိမသာချဉ်းကပ် သွားသည်)

## crouch

Kathy crouched behind a chair to hide from Willy.



– ဆောင့်ကြောင့်ထိုင်သည်၊
ကေသီသည် ဝီလီကိုပုန်းရန် ကုလားထိုင်
တစ်လုံးနောက်တွင် ဆောင့်ကြောင့်ထိုင်
လိုက်သည်၊



mgyoe.com

mgyoe.com


## cry

Jane cried when she fell
down and hurt her knee



– အော်ငိုသည်။
ဂျိန်းသည် ချော်လဲ၍ ဒူးနာသောအခါ
အော်ငိုသည်။

## cross


We looked left and right before crossing
the street.



– ဖြတ်ကူးသည်။
လမ်းဖြတ်မကူးမီ ဝဲယာကို ကျွန်ုပ်တို့ ကြည့်ကြသည်။

## crow

The rooster crows loudly in the
early morning.



– ကြက်တွန်သည်။
နံနက်စောစောတွင် ကြက်ဖသည်
ကျယ်လောင်စွာတွန်သည်။

## crowd

The children are crowding around
the friendly champanzee.




– အုပ်စုကြီး တစ်စုအဖြစ် စုရုံးသည်။
ကလေးများသည် ခင်မင်စရာကောင်းသော ချင်ပန်ဇီဝက်ဝံ
ပတ်ပတ်လည်တွင် ဝိုင်းအုံနေကြသည်။

mgyoe.com

mgyoe.com


## cross out

Peter crossed out a mistake in his book.





– ကြက်ခြေခတ်ပယ်ဖျက်သည်၊ ခြစ်ပစ်သည်၊

ပီတာသည် သင်္ချာအုပ်ထဲမှ အမှားတစ်ခုကို ခြစ်ပစ်သည်။

## crush

The soccer ball was crushed by the steam roller.



– ကြိတ်ချေသည်။

ဘောလုံးကို ရေနွေးငွေ့အားသုံး လမ်းကြိတ်စက်က ဖိကြိတ်သည်။ (အကြိတ် ခံရသည်။)

## crumble

Mother is crumbling the biscuit into a bowl.



– (တစ်စေ့စီဖြစ်စေအောင်) ခြေသည်။

အမေသည် ဘီစကစ်မုန့်ကို ပန်းကန်လုံးထဲသို့ ခြေထည့်နေသည်။

## crumple

Andy crumpled up the drawing.



– (ပုံပျက်အောင်) ခြေမွသည်။

အင်ဒီသည် ရေးဆွဲထားသော ပန်းချီပုံ ကြမ်းကို ခြေမွပစ်သည်။


mgyoe.com

## curtsy


Cinderella curtsied to the queen



– ဒူးကွေး၍ ဦးညွှတ်သည်၊
စင်ဒရဲလားသည် ဘုရင်မကို ဒူးကွေး၍ဦးညွှတ်သည်။

## cut out

Linda is cutting out pictures from a magazine.



– ဖြတ်ယူသည်၊
လင်ဒါသည် မဂ္ဂဇင်းတစ်စောင်မှ ပုံများကို ဖြတ်ထုတ်ယူနေသည်။

## cuddle

The baby is cuddling a teddy bear.

– ယုယထွေးပိုက်သည်၊
ကလေးငယ်သည် ကစားစရာ ဝက်ဝံရုပ်ကို ယုယစွာ ထွေးပိုက်နေသည်။



## cycle

Bobby cycles home from school.



– စက်ဘီးစီးသည်၊
ဘော်ဘီသည် ကျောင်းမှအိမ်သို့ စက်ဘီးစီးပြန်သည်။



## curl

The cat curled up on the cushion.

– ခွေသည်၊
ကြောင်သည် ကူရှင်ပေါ်တွင် ခွေနေ သည်။

mgyoe.com

## cut


Aunt Molly is cutting the cake into slices.



– လှီးဖြတ်သည်။
အန်တီမော်လီသည် ကိတ်မုန့်ကို အချပ်ကလေးများဖြစ်အောင် လှီးနေသည်။

## cut up

Kathy cuts up the vegetables to make a salad.



–စုတ်ထစ်သည်။ ပါးပါးလှီးသည်။
ကေသီသည် ဟင်းသီးဟင်းရွက်အစိမ်းသုတ် ပြုလုပ်ရန် ဟင်းသီးဟင်းရွက်များကို ပါးပါးလှီးသည်။

## cut off

Bobby is cutting off the sleeves from his T-shirt.



– ဖြတ်ဖယ်ထုတ်သည်။
ဘော်ဘီသည် သူ၏တီရှပ်အကျႌမှ လက်များကို ဖြတ်ပစ်သည်။

## cut down

Father cut down a tree in the garden.



– ခုတ်လှဲသည်။
အဖေသည် ဥယျာဉ်ထဲမှ သစ်ပင်တစ်ပင်ကို ခုတ်လှဲသည်။



mgyoe.com

mgyoe.com

# Dd

## dare

Andy didn't dare toouch the snake.




– ရဲဝံ့သည်။

အင်ဒီသည် မြွေကိုမထိရဲပါ။

## damage

The ship was damaged when it hit the rocks.



– ပျက်စီးသည်။

သင်္ဘောသည် ကျောက်ဆောင်များနှင့် တိုက်မိသောအခါ ပျက်စီးသွားသည်။

## darn

Mother is darning a hole in Jimmy's sock.



– ဖာထေးသည်။

အမေသည် ဂျင်မီ၏ခြေစွပ်မှ အပေါက်တစ်ပေါက်ကို ဖာထေးနေသည်။

## dance

The children are dancing happily round the Christmas tree.



– ကသည်။

ကလေးများသည် ခရစ္စမတ်သစ်ပင်ပတ်လည်တွင် ပျော်ရွှင်စွာ ကစားနေကြသည်။



mgyoe.com

mgyoe.com

## deal

You deal all the cards to play Snap.



– (ဖဲ) ဝေသည်၊
စနက်(ပ်)ဖဲကစားရန် ဖဲချပ်အားလုံးကိုဝေသည်၊

## decorate


Mandy is decorating the hall.



– အလှဆင်သည်၊
မန်ဒီသည် ခန်းမကြီးကို အလှဆင်နေသည်၊

## dash

The dog dashed across the street.



– တစ်ဟုန်ထိုးပြေးသည်၊
ခွေးသည် လမ်းကို တစ်ဟုန်ထိုးဖြတ်ပြေးသည်၊

## die away

The music died away at the end of the song.



– တဖြည်းဖြည်းပျောက်ကွယ်သည်၊
သီချင်းအဆုံးတွင် ဂီတသံသည် တဖြည်းဖြည်းတိုး၍ ပျောက်ကွယ်သွားသည်၊

## delight

Jane was delighted with her new puppy.



– ပျော်သည်၊
ဂျိန်းသည် သူမ၏ ခွေးပေါက်အသစ်ကလေးနှင့် ပျော်နေသည်၊




mgyoe.com

mgyoe.com

## defend

The soldiers are defending their country from attack.



– ခုခံကာကွယ်သည်။
စစ်သားများသည် သူတို့တိုင်းပြည်ကို ရန်ပြုတိုက်ခိုက်မှုအန္တရာယ်မှ ကာကွယ်ပေးနေကြသည်။

## demand

The spoilt child demanded the biggest ice-cream.



– တောင်းဆိုသည်။
အလိုလိုက်၍ ဖျက်စီးနေသောကလေး သည် အကြီးဆုံးရေခဲမုန့်ကို တောင်းဆိုသည်။

## decide


Helen could not decide whether to wear shorts or a dress.



– (စိတ်) ဆုံးဖြတ်သည်။
ဘောင်းဘီကိုဝတ်ရမလား၊ ဂါဝန်ဝတ်ရမလား ဆိုတာကို ဟယ်လင်မဆုံးဖြတ်နိုင်ဘူး။

## deliver

The postman delivered a parcel to Linda's house.



– စာဝေသည်။
စာပို့လုလင်သည် ပါဆယ်တစ်ထုပ်ကို လင်ဒါ့အိမ်သို့ ပေးပို့သည်။



mgyoe.com

mgyoe.com


## describe

Jimmy is describing to the policeman the dog that he has lost.



– (ပုံပန်းသဏ္ဌာန်ကို) ဖော်ပြသည်။
ဂျင်မီသည် သူပျောက်ဆုံးသွားသောခွေး၏ ပုံပန်းသဏ္ဌာန်ကို ရဲအားပြောပြနေသည်။

## design

Aunt Molly is designing a party dress for Kathy.



– ပုံစံထုတ်သည်။
အန်တီမော်လီသည် ကေသီအတွက် ညခံပွဲဝတ်စုံတစ်စုံကို ပုံစံထုတ်နေသည်။

## deserve


Bobby practised hard for the swimming contest and deserved first prize.




– ထိုက်တန်သည်။
ဘော်ဘီသည် ရေကူးပြိုင်ပွဲအတွက် အပြင်းအထန်လေ့ကျင့်၍ ပထမဆုနှင့် ထိုက်တန်သည်။

## disguise

The thief disguised himself as an old lady.



– ရုပ်ဖျက်သည်၊ အယောင်ဆောင် သည်။
သူခိုးသည် ဂုဏ်သရေရှိ အဖွားကြီး တစ် ယောက်အဖြစ် သူ့ကိုယ်သူ ရုပ်ဖျက်သည်၊ အယောင်ဆောင်သည်။


mgyoe.com

mgyoe.com


## develop


The bodybuilder developed huge muscles.



– ကျင့်ယူသည်။
ကာယဗလမောင်သည် ကြီးမားသော ကြွက်သားများကို တဖြည်းဖြည်းလေ့ကျင့်ယူသည်။

## demonstrate

The fireman demonstrated how to put out the fire.



– သရုပ်ပြသည်၊
မီးသတ်သမားသည် မီးမည်ကဲ့သို့သတ်ရ မည်ကို သရုပ်ပြသည်။

## destroy

The big boy destroyed Andy's sandcastle.



– ဖျက်ဆီးသည်၊
ကြီးသောသူငယ်သည် အင်ဒီ၏ သဲရဲတိုက်ကို ဖျက်ဆီးပစ်သည်၊

## dial

Helen dialed 999 to call the police.



– တယ်လီဖုန်းခိုင်ခွက်ကို လှည့်သည်၊
ဟယ်လင်သည် ရဲကိုခေါ်ရန် ဖုန်းနံပါတ် (၉၉၉) ကို လှည့်သည်။

mgyoe.com

mgyoe.com



## die

The bear died after the hunter shot it.



– သေသည်။

မုဆိုး၏သေနတ်နှင့် ပစ်ပြီးနောက် ဝက်ဝံ သေဆုံးသွားသည်။

## die down

We let the fire die down after the barbecue.



– အားလျော့သည်။ အရှိန်လျော့ သည်။

အသားကင်ပြီးနောက် ကျွန်ုပ်တို့သည်မီးအားကို လျော့လိုက်သည်။

## dip

The cat dipped its paw into the fish tank to try to catch a fish.



– နှစ်သည်။

ကြောင်သည် ငါးတစ်ကောင်ကို ဖမ်းကြည့်ရန် သူ့လက်ဖဝါးကို ငါးကန်ထဲနှစ်လိုက်သည်။

## dig

Uncle Roy is digging a hole to plant the tree.



– တူးသည်။

အန်ကယ်ရွိုင်းသည် သစ်ပင်စိုက်ရန် တွင်းတစ်တွင်း တူးနေသည်။

mgyoe.com

mgyoe.com


## direct

The policeman is directing the traffic at the crossroads.




– လမ်းညွှန်သည်၊ ထိန်းသိမ်းပေး သည်၊
လမ်းပြရဲသည် လမ်းဆုံ၌ ယာဉ်အသွားအလာကို (လမ်းညွှန်ပြနေသည်)ထိန်းသိမ်းကြပ်မတ်ပေးနေသည်။

## discover

The scientist discovered a new plant in the forest.



– ရှာဖွေတွေ့ရှိသည်၊
သိပ္ပံပညာရှင်သည် အပင်သစ်တစ်ပင်ကို သစ်တော ထဲတွင် ရှာဖွေတွေ့ရှိသည်။



## disappear

The wizard disappeared in a puff of smoke.

– ပျောက်ကွယ်သွားသည်၊
မှော်ဆရာသည် မီးခိုးတစ်ချက်အငွေ့တွင် ပျောက်ကွယ်သွားသည်။



mgyoe.com

mgyoe.com



## discuss

Willy, Linda and Jimmy discussed where they wanted to go for a picnic.



– ဆွေးနွေးသည်။
ဝီလီ၊ လင်ဒါနှင့် ဂျင်မီတို့သည် ပျော်ပွဲစား ခရီးအတွက် မည်သည့်နေရာသွားချင် သည်ကို ဆွေးနွေးကြသည်။

## dismiss

At the end of the day the children are dismissed from class.




– သွားခွင့်ပြုသည်၊ စေလွှတ်သည်။
တစ်နေ့တာအဆုံးတွင် ကလေးများကို အတန်းလွှတ်လိုက်သည်။

## display


The new books are displayed in the shop window.




– ခင်းကျင်းပြသသည်။
စာအုပ်သစ်များကို ဆိုင်ပြတင်းပေါက်တွင် ခင်းကျင်းပြသထားသည်။

## disturb

Do not disturb Dad. He is sleeping.



– နှောင့်ယှက်သည်။
ဖေဖေ့ကို မနှောင့်ယှက်ပါနဲ့၊ သူအိပ် (ပျော်)နေတယ်။



mgyoe.com

mgyoe.com

## do

Jimmy must do his homework.
He cannot play with Andy now.



– လုပ်ဆောင်သည်။
ဂျင်မီသည် သူ၏အိမ်စာကို လုပ်ရမည်။
သူသည် ယခုအင်ဒီနှင့် မကစားနိုင်ပါ။

## do up

Bobby did up an old bike.
Now it looks like new.




– အသစ်ဖြစ်အောင် ပြန်လည်ပြင်ဆင်သည်။
ဘော်ဘီသည် စက်ဘီးဟောင်းတစ်စီးကို
အသစ်ဖြစ်အောင် ပြန်လည်ပြင်ဆင်နေသည်။
ယခုစက်ဘီးသည်.အသစ်ပုံပေါက်သွားသည်။

## do away

Jack did away with the giant.



– ပယ်ရှားသုတ်သင်သည်။
သတ် သည်။
ဂျက်သည် လူဘီလူးကြီးကို
သတ်လိုက်သည်။



## dislike

Andy dislikes vegetables.

– မကြိုက်/မနှစ်သက်/မုန်းသည်။
အင်ဒီသည် ဟင်းသီးဟင်းရွက်များကို
မကြိုက်ပါ။





mgyoe.com

mgyoe.com

## dock

The ship docked at the wharf to unload its cargo.



– သင်္ဘောဆိုက်ကပ်သည်။
သင်္ဘောသည် ကုန်ချရန် ဆိပ်ခံတံတားတွင် ဆိုက်ကပ်သည်။

## donate

Mandy donated her savings to the old folk's home.



– လှူဒါန်းသည်။
မင်ဒီသည် သူစုဆောင်းထားသော ငွေများကို ဘိုးဘွားရိပ်သာသို့ လှူဒါန်းလိုက်သည်။

## drag


The men are dragging the boat up onto the beach.



– တရွတ်တိုက်ဆွဲသည်။
လူကြီးများသည် လှေကို ပင်လယ်ကမ်း ခြေပေါ်သို့ တရွတ်တိုက် ဆွဲတင်နေကြသည်။

## drift

There was no wind and the boat drifted on the sea.



– လွင့်မျောသည်။
လေငြိမ်နေ၍ လှေသည် ပင်လယ်ထဲတွင် လွင့်မျောနေသည်။




mgyoe.com

mgyoe.com


## dream

Helen dreams of being a pilot.



– စိတ်ကူးယဉ်အိပ်မက်မက်သည်။
ဟယ်လင်သည် လေယာဉ်မှူးတစ်ယောက်
ဖြစ်ရန် စိတ်ကူးယဉ်နေသည်။

## divide


Jimmy is dividing the sweets into two equal piles.



– ခွဲဝေသည်။
ဂျင်မီသည် သကြားလုံးများကို နှစ်ပုံအညီ
အမျှဖြစ်အောင် ခွဲဝေနေသည်။

## dive

Bobby is diving into the pool.



– ဒိုင်ဗင်ထိုးသည်။
ဘော်ဘီသည် ရေကန်ထဲသို့ ဒိုင်ဗင်ထိုးချနေသည်။

## dress

Linda dressed as a witch for Halloween.



– ဝတ်ဆင်သည်။
လင်ဒါသည် သူတော်စင်နေ့မတိုင်မီ အကြိုနေ့
(အောက်တိုဘာ-၃၁) အတွက် စုန်းမတစ်ယောက်
ကဲ့သို့ အဝတ်အစား ဝတ်ဆင်သည်။


mgyoe.com

mgyoe.com


## doodle


Helen is doodling on a piece of paper.



– တောင်ခြစ်မြောက်ခြစ်လုပ်သည်၊
ဟယ်လင်သည် စာရွက်တစ်ရွက်ပေါ်တွင် တောင်ခြစ်မြောက်ခြစ်လုပ်နေသည်၊

## doze

Dogs love to doze in the sun.



– မှိန်းသည်၊
ခွေးများသည် နေရောင်အောက်တွင် မှိန်းနေရန် နှစ်သက်ကြသည်၊

## drill

Uncle Roy is drilling a hole in the wall.



– လွန်ဖြင့် ဖောက်သည်၊
အန်ကယ်ရွိုင်းသည် နံရံတွင် အပေါက်တစ်ပေါက်ကို လွန်ဖြင့်ဖောက်နေသည်၊

## drip

Water is dripping from the ceiling onto the floor.




– တစ်စက်စီကျသည်၊
မျက်နှာကြက်မှ ကြမ်းခင်းပေါ်သို့ ရေတစ်စက်စက်ကျနေသည်၊



mgyoe.com

## drain

Kathy let the dishes drain after she washed them.



– ရေစစ်သည်။
ကေသီသည် ပန်းကန်များဆေးပြီးနောက် ရေစစ်ထားသည်။

## drive

Father drives the car to work each morning.



– မောင်းနှင်သည်။
ဖေဖေသည် နံနက်တိုင်း အလုပ်ခွင်သို့ ကားမောင်းသွားသည်။

## draw

Andy is drawing a rabbit.



– ပုံဆွဲသည်။
အင်ဒီသည် ယုန်တစ်ကောင်ပုံ ဆွဲနေသည်။

## drown

The lifeguard rescued Willy who was drowning.



– ရေနစ်သည်။
ရေနစ်သူများကို ကယ်ဆယ်ရသော ဝန် ထမ်းသည် ရေနစ်နေသော ဝီလီကို ကယ်ဆယ်ခဲ့သည်။



mgyoe.com

mgyoe.com


## drink


Willy drank a glass of milk with breakfast.



– သောက်သည်၊
ဝီလီသည် နံနက်စာနှင့်အတူ နို့တစ်ဖန် ခွက်သောက်သည်။

## drink up

The elephant drank up all the water in the bucket.



– ကုန်အောင်သောက်သည်၊
ဆင်သည် လက်ဆွဲပုံးထဲရှိရေကို ကုန်အောင်သောက်သည်။

## duck

The giant ducked his head to get through the door.



– ရုတ်တရက်ငုံ့၍ ရှောင်သည်၊
တံခါးကို ဖြတ်ဝင်ရန် လူထွားကြီးသည် သူ၏ခေါင်းကို ရုတ်တရက်ငုံ့လိုက်သည်။

## dust

Mother is dusting the furniture.



– ဖုံသုတ်သည်၊
မေမေသည် ခုံပေါ်မှဖုန်များကို သုတ်နေသည်။

mgyoe.com

mgyoe.com

## drop


Linda dropped an egg on the floor.



– လွှတ်ကျသည်။
လင်ဒါ့လက်ထဲမှ ကြက်ဥတစ်လုံး
ကြမ်းခင်းပေါ်သို့ လွှတ်ကျသွားသည်။

## dump

The truck dumped the rubbish in a heap.



– သွန်ချသည်။ အမှိုက်ပုံသည်။ စုပုံ သည်။
ထရပ်ကားသည် အမှိုက်များကို အမှိုက်ပုံတွင် စုပုံသည်။

## drop in

Andy dropped in to see his grandmother.



– ဝင်လာသည်။ ကြုံကြိုက်၍ အလည် အပတ်ဝင်လာသည်။
အင်ဒီသည် သူ့ကိုတွေ့ရန် လမ်းကြုံလို့ ဝင်လာသည်။

## dry

After a bath, you dry yourself well with a towel.




– ခြောက်သွေ့စေသည်။
ရေချိုးပြီးနောက် သင့်ကိုယ်သင်ပဝါဖြင့်
ကောင်းစွာ ခြောက်သွေ့အောင် သုတ်ပါ။



mgyoe.com

## dry out


The puddle dried out in the hot sun.



– ခန်းခြောက်သည်။
ဗွက်အိုင်ငယ်သည် နေပူထဲတွင် ခန်းခြောက်သွားသည်။

## drop off

Mother dropped Kathy off at school.



– ယာဉ်ပေါ်မှ ဆင်းနိုင်ရန်ရပ်ပေးသည်။ (ချပေးသည်)
မေမေသည် ကေသီကို ကျောင်းမှာချပေးသည်။

# Ee

## eat

Elephants eat a lot.



– စားသည်။
ဆင်ဟာ အစာအများကြီးစားတယ်။

## eat up

The mouse ate up all the cheese.



– ကုန်အောင်စားသည်။
ကြွက်သည် ဒိန်ခဲအားလုံးကို ကုန်အောင်စားပစ်သည်။




mgyoe.com

mgyoe.com

## edge

The clown edged his way carefully along the narrow plank.



– ရှေ့သို့ တဖြည်းဖြည်းတိုးသွားသည်၊
ဆပ်ကပ်လူရွှင်တော်သည် သေးငယ်သော ပျဉ်ချပ်လမ်းတစ်လျှောက် သတိထား၍ ရှေ့သို့ တဖြည်းဖြည်းတိုးသွားသည်။

## embrace

Father embraced mother lovingly.



– ပွေ့ဖက်သည်၊
ဖေဖေသည် မေမေ့ကို ချစ်ခင်စွာ ပွေ့ဖက်သည်။

## elect

The team elected the captain from among themselves.



– မဲဖြင့် ရွေးချယ်သည်၊
အသင်းသည် အသင်းခေါင်းဆောင်ကို သူတို့အထဲမှ မဲဖြင့်ရွေးချယ်သည်။

## embarrass

Andy embarrassed his father by being rude in front of Aunt Molly.



– ရှက်ကိုးရှက်ကန်းဖြစ်စေသည်၊
အင်ဒီသည် အန်တီမော်လီ၏ရှေ့တွင် ရိုင်းပျစွာပြုမူသဖြင့် သူ့ဖေဖေကို အရှက်ရစေသည်။


mgyoe.com

mgyoe.com


## earn

Bobby earns pocket money by washing cars.



– အလုပ်လုပ်၍ အစကြေးငွေရရှိသည်။
ဘော်ဘီသည် ကားများရေဆေးခြင်းဖြင့် မုန့်ဖိုးရသည်။

## empty

The baby emptied the box of blocks onto the floor.



– သွန်သည်၊ မှောက်သည်။
ကလေးငယ်သည် အင်္ဂလိပ်စာအက္ခရာ အတုံးကလေးများထည့်ထားသော သေတ္တာကို ကြမ်းခင်းပေါ်သို့ မှောက်ချသည်။

## employ


Sam is employed to clean windows.



– အလုပ်ခန့်ထားသည်၊ အလုပ်လုပ် သည်၊
ဆမ်သည် ပြူတင်းပေါက်ကို သန့်ရှင်းရေး အလုပ်လုပ်သည်။

## emerge

Suddenly a shark emerged from the water.



– ထွက်ပေါ်လာသည်၊
ငါးမန်းတစ်ကောင်သည် ရေထဲမှ(ရုတ်တရက်) ထွက်ပေါ်လာသည်။



mgyoe.com

mgyoe.com

## enjoy

Mandy enjoys watching television.



– နှစ်သက်သည်၊ မွေ့လျော်သည်၊
မန်ဒီသည် တီဗီကြည့်ခြင်းကို နှစ်သက်သည်။

## engrave

Andy is engraving his name in the tree trunk.




– ထွင်းသည်၊
အင်ဒီသည် သစ်ပင်ပင်စည်တွင်
သူ့နာမည်ကို ထွင်းနေသည်။

## equal


One and one equals two.

$$1 + 1 = 2$$

– တူညီသည်၊
တစ်နှင့် တစ်ပေါင်းလျှင် နှစ်နှင့် တူညီသည်။

## end

The road ends at the cliff edge.



– အဆုံးသတ်သည်၊
လမ်းသည် ကျောက်ဆောင်ကမ်းပါး အစွန်းတွင် အဆုံးသတ်သည်။


mgyoe.com

mgyoe.com


## entertain

The clown entertained us with his funny tricks.



– ဖြေဖျော်သည်၊ ဧည့်ခံသည်။
ဆပ်ကပ်လူရွှင်တော်သည် သူ၏ထူးဆန်းသော
လှည့်စားမှုပြကွက်များဖြင့် ကျွန်ုပ်တို့ကို ဖျော်ဖြေသည်။

## escape


The monkey escaped from the cage.



– လွင်၊မြောက်သည်။
မျောက်သည် လှောင်အိမ်မှ လွတ်မြောက်
သွားသည်။

## erase

It is easy to erase mistakes with a rubber.




– ဖျက်ပစ်သည်။
အမှားများကို ခဲဖျက်ဖြင့် ဖျက်ပစ်ရန်
လွယ်ကူသည်။

## enter

The burglar is entering the house by the window.




– အတွင်းသို့ ဝင်သည်၊
ဖောက်ထွင်းသူခိုးသည် ပြတင်းပေါက်မှ အိမ်ထဲသို့
ဝင်နေသည်။



mgyoe.com

## expect

I expect it will rain today. There are a lot of dark clouds in the sky.



– ခမျှော်လင့်သည်။
ယနေ့ မိုးရွာလိမ့်မည်ဟု ကျွန်မမျှော်လင့် သည်။
ကောင်းကင်တွင် မိုးတိမ်များ မြောက်မြားစွာရှိသည်။

## excite

Mandy was excited when she saw the gold cup.




– စိတ်လှုပ်ရှားစေသည်။
မန်ဒီသည် ရွှေဖလားကို မြင်သောအခါ စိတ်လှုပ်ရှား ပျော်ရွှင်သည်။

## expand

A balloon expands when you blow it up.



– ပွဖောင်းသည်။
သင်လေမှုတ်သွင်းလိုက်သောအခါ ပူပေါင်းသည် ဖောင်းလာသည်။

## explain

The teacher explained to the children how to jump over the hurdles.



– ရှင်းပြသည်။
ဆရာသည် ကလေးများအား တန်းများ အပေါ်မည်သို့ ခုန်ကျော်ရမည်ကို ရှင်းပြသည်။



mgyoe.com

mgyoe.com


## explore


Kathy is exploring the rock pools looking for crabs.



– စူးစမ်းရှာဖွေသည်။
ကေသီသည် ကဏန်းကောင်များကို ရှာဖွေရန် ကျောက်လိုဏ်ငယ်ကလေးများကို စူးစမ်းရှာဖွေနေသည်။

## exchange

Willy is exchanging shorts with Peter.



– လဲလှယ်သည်။
ဝီလီသည် ပီတာနှင့် ဘောင်းဘီတိုချင်း လဲလှယ်နေသည်။

## exercise

Bobby exercises everyday to keep fit.



– လေ့ကျင့်သည်။
ဘော်ဘီသည် ကျန်းမာကြံ့ခိုင်စေရန် နေ့စဉ် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်သည်။

## excuse


Jane is excused from sports because she has hurt her ankle.



– ခွင့်ပြုသည်။
ဂျိန်းသည် ခြေချင်းဝတ်နာနေသောကြောင့် သူမကို ကစားအဖွဲ့များတွင် ပါဝင်မကစားရန် ခွင့်ပြုသည်။

## examine

The doctor is examining the sick boy.



– စမ်းသပ်သည်။
ဆရာဝန်သည် နေမကောင်းသော သူငယ်လေးကို စမ်းသပ်စစ်ဆေးနေသည်။



mgyoe.com

mgyoe.com


# Ff

## face

Linda faced the clock to see what time it was.



– မျက်နှာမူသည်။
လင်ဒါသည် ဘယ်အချိန်ရှိပြီဆိုသည်ကို ကြည့်ရင်း နာရီကို မျက်နှာမူလိုက်သည်။

## face up


It is hard to face up to your teacher when you have not done your homework.



– ရင်ဆိုင်သည်။
သင်သည်သင်၏ အိမ်စာလုပ်မပြီးသော အခါ ဆရာနှင့် ရင်ဆိုင်ရန်ခက်ခဲသည်။

## fade

The curtains have faded.



– မှေးမှိန်သည်။
လိုက်ကာများ အရောင်မှေးမှိန်သွားပြီ။

## fail

Bobby failed to clear the high jump.



– မအောင်မမြင်ဖြစ်သည်။
ဘော်ဘီသည် အမြင့်ခုန်ကို လွတ်အောင် ခုန်ရန် မအောင်မြင်ပါ။



mgyoe.com

mgyoe.com 

## faint

**Mandy saw a ghost and fainted.**



– သတိမေ့သွားသည်၊ မူးမေ့သွားသည်၊
မန်ဒီသည် တစ္ဆေတစ်ကောင်ကိုမြင်ပြီး
သတိမေ့သွားသည်၊

## fake

Andy faked a stomachache because he did not want to go to school.



– လိမ်လည်လှည့်ဖြားရန်အယောင် ဆောင်သည်၊
အင်ဒီသည် ကျောင်းမသွားချင်သော ကြောင့်
ဗိုက်နာဟန်ဆောင်သည်၊

## fall

Willy tripped over a stone and fell on his hands and knees.



– လဲကျသည်၊
ဝီလီသည် ကျောက်တုံးတစ်တုံးကို ခလုတ်တိုက်၍
လေးဘက်ထောက် လဲကျသွား သည်၊

## fall off

Andy fell off his chair in fright.



– လိမ့်ကျသည်၊
အင်ဒီသည် သူ့ကုလားထိုင်ပေါ်မှ ထိတ်လန့်စွာ
လိမ့်ကျသွားသည်၊



mgyoe.com

mgyoe.com


## farm

Uncle Roy farms a small piece of land behind the house.



– ထွန်ယက်စိုက်ပျိုးသည်။
အန်ကယ်ရွှိုင်းသည် အိမ်နောက်ဖက် မြေ ကွက်ငယ်ကို ထွန်ယက်စိုက်ပျိုးသည်။

## fast

The holy man is fasting.
He is not eating any food.



– ဥပုသ်စောင့်သည်။
ဘာသာတရားကိုင်းရှိုင်းသူသည် ဥပုသ်စောင့်နေသည်။
သူသည် မည်သည့်အစားအစာမျှ မစားပါ။

## fan

Aunt Molly fanned herself to keep cool.



– ယပ်ခပ်သည်။
အန်တီမော်လီသည် အေးစေရန် သူမကို
သူမယပ်ခပ်သည်


mgyoe.com

mgyoe.com


## feel


Rabbits feel soft and cuddly.



– ထိတွေ့ခံစားရသည်။
ယုန်ကလေးများသည် နူးညံ့၍ ပွေ့ဖက်ချင်စရာကောင်းသည်။

## feel like

On a hot day we feel like a cold drink.



– လုပ်ချင်စိတ်ရှိသည်၊ တစ်စုံတစ်ရာ လုပ်ချင်စိတ်ဖြစ်ပေါ်သည်၊
ပူအိုက်သောနေ့တွင် ကျွန်ုပ်တို့ အအေး သောက်ချင်စိတ်ဖြစ်ပေါ်သည်။

## find

Mandy found a coin on the footpath.



– တွေ့သည်၊
မန်ဒီသည် လူသွားလမ်းပေါ်တွင် ပိုက်ဆံအကြွေတစ်စေ့ကို တွေ့သည်။

## find out

Jimmy looked in the phone book to find out Peter's phone number.



– ရှာဖွေတွေ့ရှိသည်၊
ဂျင်မီသည် ပီတာ၏ ဖုန်းနံပါတ်ကို ရှာဖွေရန် ဖုန်းစာအုပ်ထဲကြည့်သည်။


mgyoe.com

mgyoe.com

## feed

Simon feeds his pet rabbit carrots and lettuce.



– ကျွေးသည်၊
ဆိုင်မွန်သည် သူ၏အိမ်မွေးယုန်ကို မုန်လာဥနှင့် ဆလပ်ရွက်များ ကျွေးသည်၊

## fasten

Willy is fastening his seat beat.



– ခိုင်မြဲစွာကပ်သည်၊
ဝိလီသည် ထိုင်ခုံခါးပတ်ကို ခိုင်မြဲစွာ ကပ်သည်၊

## fear


Kathy fears snakes.



– ကြောက်ရွံ့သည်၊
ကေသီသည် မြွေများကို ကြောက်ရွံ့သည်၊

## fetch

The dog fetches the stick for Jimmy.



– သွားယူသည်၊
ခွေးသည် ဂျင်မီအတွက် တုတ်ချောင်းကို သွားယူသည်၊


mgyoe.com

mgyoe.com 

## fight

Bobby and Jimmy are fighting.



– ရိုက်ပုတ်ထိုးသတ်သည်။ (ရန်ဖြစ်သည်)
ဘော်ဘီနှင့် ဂျင်မီတို့သည် ရန်ဖြစ်နေကြသည်။

## film

They are filming a fight.



– ရုပ်ရှင်ရိုက်သည်။
သူတို့သည် ရန်ပွဲတစ်ပွဲကို ရုပ်ရှင်ရိုက်နေကြသည်။

## fill up

Jane filled up the bucket with sand.



– အပြည့်ဖြည့်သည်။
ဂျိန်းသည် လက်ဆွဲပုံးကို သဲအပြည့်ဖြည့်သည်။

## flag down


We flag down a taxi.



– ယာဉ်ကို လက်(သို့)အလံပြတား သည်။
ကျွန်ုပ်တို့သည် အငှားယာဉ်ကို လက်ပြတားသည်။

## fill

Andy is filling the pool with water.



– ပြည့်အောင်ဖြည့်သည်။
အင်ဒီသည် ရေကန်ကို ရေပြည့်အောင် ဖြည့်နေသည်။




mgyoe.com

mgyoe.com

## fence

Uncle Roy is fencing the tree with wire.



– ခြံစည်းရိုးကာသည်။
ဦးလေးရွိုင်းသည် သစ်ပင်ကို သံဆူးကြိုးဖြင့် စည်းရိုးကာသည်။

## fit


Cinderella's foot fitted the shoe perfectly.



– (အရွယ်) တော်သည်။ (ဖံဝင်ခွင်ကျ ဖြစ်သည်)
စင်ဒရဲလား၏ ခြေထောက်သည် ဖိနပ်နှင့် အတိအကျ (လုံးဝ) တော်သည်။

## fit in


Only five people could fit in the car.




– ဝင်သည်။ ဆံ့သည်။
ကားထဲတွင် လူငါးယောက်သာဆံ့သည်။

## finish

The rabbit finished first in the race.





– ပန်းတိုင်သို့ ရောက်သည်။
ယုန်သည် အပြေးပြိုင်ပွဲတွင် ပထမပန်း ဝင်သည်။

## finish with

Helen had finished with the book, so she returned it to the library.



– လက်စသတ်သည်။ အဆုံးသတ်သည်။
ဟယ်လင်သည် စာအုပ်ကို လက်စသတ် ဖတ်ပြီးသွားသည်။ ထို့ကြောင့် သူမသည် ၎င်းကို စာကြည့်တိုက်သို့ ပြန်အပ်သည်။

mgyoe.com

mgyoe.com


## flap

The washing is flapping in the wind.



– တဖျပ်ဖျပ်ရိုက်ခတ်သည်၊
လျှော်ပြီးလှန်းထားသော အဝတ်သည် လေထဲတွင် တဖျပ်ဖျပ် ရိုက်ခတ်နေသည်၊

## flag


The people flag the buildings to celebrate the king's birthday.



– အလံဖြင့် တန်ဆာဆင်သည်၊
ဘုရင့် မွေးနေ့ပွဲကျင်းပရန် အဆောက်အဦးများကို အလံဖြင့် တန်ဆာဆင်ကြသည်၊

## flash

The light from the lighthouse flashed across the sea.



– လက်ခနဲလင်းလက်သည်၊ တလက် လက် အရောင်ပြသည်၊
မီးပြတိုက်မှ အလင်းရောင်သည် ပင်လယ်ကိုဖြတ်၍ လက်ခနဲ လင်းလက်သည်၊

## fizz

This drink fizzes for a while when I pour it out.



– အမြှုပ်တစီစီထွက်သည်၊
ဤသောက်စရာအရည်သည် ခွက်ထဲ လောင်းထည့်လိုက်သောအခါ ခဏကြာအောင် အမြှုပ်တစီစီထသည်၊




mgyoe.com

mgyoe.com


## flow

The river flows down to the sea.

– စီးဆင်းသည်၊
မြစ်သည် ပင်လယ်သို့ စီးဆင်းသည်၊



## flip


I can flip a coin in the air.

– မြောက်ပန်းလှန်သကဲ့သို့ တစ်စုံ တစ်ရာကို ပစ်မြှောက်သည်၊
ကျွန်တော်သည် အကြွေစေ့တစ်စေ့ကို လေထဲပစ်မြှောက်၍ မြောက်ပန်းလှန် တတ်သည်၊



## fix

Helen is fixing lunch.



– ပြင်ဆင်သည်၊
ဟယ်လင်သည် နေ့လည်စာ ပြင်ဆင်နေသည်၊

## foam

The beer foams over the glass.



– အမြှုပ်ထွက်သည်၊
ဘီယာသည် အမြှုပ်များထွက်ပြီး ဖန်ခွက်အပြင်သို့ လျှံကျသည်၊



mgyoe.com